

### သံယောဇဉ် အမျှင်တန်း ရှင်ခန်း မဖြတ်နိုင်သေးသူများ အတွက်

# အားတက်အောင် စကားလက်ဆောင်လေး ပါးပါရစေ

အရှင်ဉာဏိကာဘိဝံသ
(ကာလီဖိုးနီးယားတက္ကသိုလ်)

## နိဒါန်း

သံယောဇဉ်ဆိုတာ ဓမ္မရှုထောင့်က ကြည့်မယ်ဆိုလျှင်ဖြင့် မထားသင့်တဲ့အရာတစ်ခုပေါ့။ သို့ပေမယ့် သံယောဇဉ်ဆိုတာ မထားသင့်တဲ့အရာမို့ မကောင်းဘူးဆိုရပေမယ့် သာမန်သူတွေအတွက် မထားပဲနေဖို့က မဖြစ်နိုင်တဲ့အရာတစ်ခုပဲလေ။ နောက်ပြီး လောကလူမှုဘဝ လုပသာယာဖြစ်စေဖို့ဆိုတာကလည်း သံယောဇဉ်ဆိုတာက ရှိမှဖြစ်မှာ မဟုတ်လား။ တကယ်တော့ ငြိတွယ်မှုသံယောဇဉ်ဆိုတာ ဘဝတစ်ခုအတွက် အရေးကြီးတဲ့ အစိတ်အပိုင်းလို့ပြောမယ်ဆိုလျှင်တောင် ပြောလို့ရတဲ့အရာတစ်ခုပါ။ သံယောဇဉ်နဲ့ပဲနေ၊ သံယောဇဉ်နဲ့ပဲ သေကြတဲ့ အများစုသောသူတွေအတွက် သံယောဇဉ်အကြောင်း မကောင်းပြောနေတာထက် သံယောဇဉ်ကို ဘယ်ပုံဘယ်နည်း အသုံးချမယ်၊ သံယောဇဉ်ကို အခြေခံပြီး လောကကောင်းကျိုး၊ ဓမ္မကောင်းကျိုး တိုးပွားအောင် ဘယ်သို့ ဘယ်ပုံလုပ်ကြရင် ကောင်းမယ်ဆိုတဲ့ဖက်ကနေ ပြောပြရလျှင် အဆင်ပြေလေမလားလို့ စဉ်းစားမိပါတယ်။ မကင်းနိုင်တဲ့အရာကို ကင်းအောင်နေဖို့ အတင်းပြောနေထက်စာရင် မကင်းပေမယ့် ရှင်းရှင်းနေတတ်ရင်ဖြင့် အငြိအတွယ် သက်သာနိုင်ပါတယ်ဆိုတဲ့ဖက်ကနေ ကြည့်ပြီး အကျိုးရှိရာရှိကြောင်းလေးတွေကို ရှာဖွေပြောရလျှင်ဖြင့် ပိုပြီးလက်တွေ့ကျလေမလားလို့ စဉ်းစားမိလို့ ဒီအကြောင်းလေးကို ရွေးပြောလိုက်တာပါ။ သံယောဇဉ်ပွားဖို့၊ သံယောဇဉ်များဖို့၊ သံယောဇဉ်ထားဖို့ ပြောလိုတာမဟုတ်ဖူးဆိုတာကို သဘောပေါက်တန်ကောင်းရဲ့လို့ မျှော်လင့်ပါတယ်။

ချစ်ခင်မှုကြောင့် စိုးရိမ်မှုဖြစ်ရတယ်။ ချစ်ခင်မှုကြောင့် ကြောက်ရွံ့မှုဖြစ်ရတယ်။ ချစ်ခင်မှုမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။ -တဲ့။

ဒီစကားလေးကို ဘုရားရှင် ကိုယ်တော်မြတ် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေခိုက် အလွန်မှပဲ ချစ်ခင်ကြတဲ့ မိသားစုသုံးယောက်ကို အကြောင်းပြုပြီး ဟောတော်မူခဲ့တာပါ။ ဗုဒ္ဓလက်ထက်တော် ကာလဆီက သာဝတ္ထိပြည်မှာ အတန်အသင့်ပြည့်စုံတဲ့ ဇနီးမောင်နှံ နေထိုင်ကြတယ်။ သူတို့မှာ သားလေး

တစ်ယောက်ရှိတယ်။ တစ်ယောက်တည်းသော သားဖြစ်တာမို့လည်း မိဘနှစ်ပါးမှာ သားလေးကို မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင်ကိုပဲ ချစ်ကြပါတယ်။ သူတို့ချစ်တဲ့သားလေးနဲ့ နှစ်ရှည်လများခွဲခွါပြီးနေဖို့ ဆိုတာကတော့ စိတ်ကူးထဲမှာတောင် ထည့်တွက်လို့ မရတဲ့အနေအထားပေါ့။

တစ်နေ့မှာတော့ ဒီမိသားစုက သူတို့အိမ်မှာ သံဃာတော်တွေကို ပင့်ဖိတ်ပြီး ဆွမ်းဆပ်ကပ်လှူဒါန်းပါတယ်။ ဆွမ်းဘုဉ်းပေးအပြီး သံဃာတော်တွေက ထုံးစံအတိုင်း ဆွမ်းအနုမောဒနာတရား ဟောကြားပါတယ်။ သံဃာတော်များဟောကြားတဲ့တရားကို နာယူရတော့ သားဖြစ်သူဟာ သာသနာတော်အပေါ်မှာ ကြည်ညိုစိတ်တွေဝင်လာပြီး သာသနာတွင်း ဝင်ရောက်ကာ ရဟန်းပြုလိုစိတ်ဖြစ်ပါတယ်။ ဒါကြောင့် မိဘတွေကို ရဟန်းပြုရန် ခွင့်ပေးဖို့ တောင်းပန်ပါတယ်။ ဒါပေမယ့် တစ်ဦးတည်းသောသား၊ မျက်စိအောက်က အပျောက်မခံနိုင်တဲ့သားလေးဖြစ်တာကြောင့် မိဘတွေက ဘယ်မှာခွင့်ပြုနိုင်ပါ့မလဲ။ အကြိမ်ကြိမ်အခါခါ ခွင့်တောင်းပေမယ့်လည်း မိဘတွေက ခွင့်မပြုနိုင်ပါဘူး။

ဒါကြောင့် မိဘတွေမရှိခိုက် ခွင့်မတောင်းတော့ပဲ ကျောင်းကိုသွားပြီး ရဟန်းပြုတော့မယ်ဆိုပြီး တိတ်တိတ်လေး အထွက်မှာ မိဘတွေသိသွားလို့ သူ့အကြံအစည် ပျက်ပြယ်ခဲ့ရပါတယ်။ ဒါပေမယ့် လွယ်လွယ်နဲ့တော့လည်း ဘယ်အလျှော့ပေးပါ့မလဲ။ ဒီတစ်ကြိမ် မအောင်မြင်လျင် နောက်တစ်ကြိမ်ပေါ့ဆိုပြီး သူ့စိတ်ထဲမှာ အခွင့်အခါကောင်းကို ကြိတ်ကြံနေခဲ့ပါတယ်။

မိဘတွေကလည်း ပထမအကြိမ် သူတို့မသိအောင် ထွက်သွားမယ်ကြံခဲ့တာကို တွေ့ရပြီးကတည်းက လုံးဝကို မျက်ခြေပြတ်မခံတော့ပဲ အမြဲတမ်းစောင့်ကြည့်နေခဲ့ပါတယ်။ အပြင်မှာ ကိစ္စကြီးငယ်ရှိလို့ သွားလာစရာရှိလျင်တောင် မိဘနှစ်ဦးလုံး ဘယ်တော့မှ အတူတူ မသွားတော့ပါဘူးတဲ့။ ဖခင်ဖြစ်သူက ကိစ္စကြီးငယ်ရှိလို့ အပြင်သွားရင် မိခင်ဖြစ်သူက သားကို အနီးကပ်ကြည့်ရှုပါတယ်။ မိခင်က ကိစ္စကြီးငယ်ရှိလို့ အပြင်ကိုသွားရင်လည်း ဖခင်လုပ်သူက အစောင့်တာဝန်ယူပါတယ်။ အခြားသူတစ်ဦးဦးကိုတော့ သားကိုစောင့်ဖို့ သူတို့မှာ စိတ်မချနိုင်ကြတော့ပါဘူး။

တစ်နေ့မှာတော့ ဖခင်က အလုပ်ကိစ္စတစ်ခုရှိလို့ အပြင်သွားရာမှာ မိခင်က သားကိုစောင့်ရှောက်တဲ့တာဝန်ကို ယူပါတယ်။ သူ့သား ဘယ်မှမသွားနိုင်အောင်ဆိုပြီး သားအခန်းဝက တံခါးကို ပိတ်မှီပြီး ချည်ငင်နေပါတယ်တဲ့။ ဒီတော့ သားဖြစ်သူက စိတ်ကူးတစ်ခုရပါတယ်။ ခုလို အမြဲစောင့်ရှောက်ကြည့်ရှုနေပုံမျိုးနဲ့ဆိုလျင်တော့ ငါ့အကြံဘယ်တော့မှ အောင်မြင်မှာ မဟုတ်တော့ဘူး။ တစ်ခုခု ဥပါယ်တမျဉ်နဲ့ မိခင်ကိုလှည့်စားပြီး သွားမှပဲရလိမ့်မယ်လို့ အကြံပေါ်လာလို့ အိမ်တံခါးဝမှာ မှီထိုင်နေတဲ့ မိခင်ကြီးကို ကိုယ်လိမ်းဆီယူဖို့အတွက် အခန်းပြင်ခဏထွက်ခွင့်ပေးဖို့ ခွင့်တောင်းပါတယ်။

မိခင်တွေဆိုတာကတော့ သိတဲ့အတိုင်းပဲလေ။ သူ့သားလေး အိမ်ထဲမှာချည်းအောင်းပြီး ခုလိုနေနေရတာကို ဘယ်ကြည့်ရက်ပါ့မလဲ။ ခင်ပွန်းဖြစ်သူအလိုဆန္ဒကို မလွန်ဆန်နိုင်လို့သာ ခုလိုသားလေးကို အိမ်ထဲမှာ ပိတ်ထားရတာကိုး။ ဒီတော့ သားဖြစ်သူက ခုလိုအသာတကြည် ခွင့်ပန်လာတော့လည်း သားကိုသနားတဲ့စိတ်၊ ယုံကြည်တဲ့စိတ်နဲ့ တံခါးမှီပြီးထိုင်နေတဲ့ သူမရဲ့ ခြေတစ်ဖက်ကို အသာကွေးပြီး ဖယ်ပေးလိုက်ပါတယ်။ ဒီတော့ အကြံရှိ

ထားတဲ့သားက မိခင်ခြေထောက်လေး ဖယ်ပေးလိုက်တာနဲ့ မိခင်မမြင်လောက်ရာကို အသာလေးထွက်ခဲ့ပါတယ်။ နောက်ပြီးသံဃာတော်များသီတင်းသုံးနေထိုင်ရာ ကျောင်းတော်ဆီ တစ်ဟုန်ထိုးပြေးကာ သံဃာတော်တွေကို သင်္ကန်းဝတ်ပေးဖို့ လျှောက်ထားတောင်းပန်ပါတယ်။ သံဃာတော်တွေကလည်း စိတ်အားထက်သန်ရှိလွန်းတဲ့သူ့ကို ရဟန်းပြုပေးလိုက်ပါတယ်။

ဖခင်ကြီး အိမ်ပြန်ရောက်လာလို့ သားဘယ်မလဲလို့ သူ့ဇနီးကိုမေးတော့ ဒီဖက်နားလေးမှာပဲ ကြည့်ပါဦးလို့ဆိုပြီး ဟိုဟိုဒီဒီလိုက်လံကြည့်ရှုတော့ ဘယ်မှာမှ သူ့သားကို မတွေ့ရတော့ပါဘူး။ ဒီတော့မှ ဖခင်ကြီးက သူ့သားကျောင်းကိုသွားတာဖြစ်ရမယ်လို့ စဉ်းစားမိပြီး ကျောင်းကိုလိုက်သွားပါတယ်။ ဟိုရောက်တော့ ရဟန်းပြုနေပြီးသားဖြစ်တဲ့သားကိုတွေ့ရပါတယ်။ ငိုယိုတောင်းပန်ကာ လူထွက်ပြီး အိမ်ပြန်လိုက်ဖို့ အမျိုးမျိုးဖျောင်းဖျ နားချပေမယ့်လည်း ဘယ်လိုမှ မရတော့ပါဘူး။ သားကို စည်းရုံးသိမ်းသွင်းလို့ မရတဲ့အဆုံး နောက်ဆုံးမတော့ ငါ့သားမရှိတဲ့အိမ်မှာနေနေလို့ကော ငါ့အတွက် ဘာအဓိပ္ပါယ်ရှိတော့မှာလဲ။ မထူးဘူး၊ ငါလည်းပဲ သားနဲ့အတူ သင်္ကန်းဝတ်တော့မယ်ဆိုပြီး ဖခင်ကြီးကိုယ်တိုင်လည်း ရဟန်းဝတ်လိုက်ပါတယ်။

ဒီမှာ ဖခင်ရဲ့သားအပေါ်ချစ်တဲ့ ဖခင်အချစ်ကို တွေ့နိုင်ပါတယ်။ ဖခင်မေတ္တာလို့ မသုံးပဲ ဖခင်အချစ်လို့ ဒီနေရာမှာ သုံးလိုက်တာကို သတိထားမိမလားတော့ မသိဘူးပေါ့။ မေတ္တာနဲ့ တဏှာ (ဒီနေရာမှာ ဂေဟသိတပေမ) ကို ကွဲပြားစေချင်လို့ပါ။မေတ္တာက အစွဲကင်းတဲ့အချစ်၊ တဏှာက အစွဲတင်းတဲ့ အချစ်။ ဒီနေရာမှာ ဖခင်ကြီးသင်္ကန်းဝတ်ခဲ့တာက အစွဲကင်းတဲ့ အချစ်ကြောင့် မဟုတ်ပါဘူး။ အစွဲတင်းလွန်း ပြင်းလွန်းတဲ့ ပေမအချစ်ကြောင့်ပါ။ မေတ္တာက အဒေါသ၊ ကုသိုလ်တရားစုမှာ ပါတဲ့တရား။ တဏှာက လောဘ၊ အကုသိုလ်အစုပါ ပါတဲ့တရား။ အဒေါသက ပွားစေရမယ့်တရား။ လောဘက ပါးစေရမယ့် တရား။ လုံးဝမတူ ခြားနားပါတယ်။

မိခင်ဖြစ်သူကလည်း သားနဲ့လင်ထွက်သွားတာ ကြာလှပြီ။ ဘာအကြောင်းများရှိလို့ ဒီလောက်ကြာရတာလဲ။ လိုက်ပြီးကြည့်မှတော်မယ်ဆိုပြီး ကျောင်းကိုလိုက်သွားတော့ လင်နဲ့သား ရဟန်းနှစ်ပါးဖြစ်နေတာကို တွေ့ရပါတယ်။ ဒီတော့ သူလည်းပဲစဉ်းစားပါတယ်။ သူအလွန်တရာချစ်လှတဲ့ သားရောလင်ပါ သာသနာတွင်းဝင်ပြီး ရဟန်းပြုနေမှတော့ သူတစ်ယောက်တည်း အိမ်မှာနေလို့ရော ဘာအဓိပ္ပါယ်ရှိတော့မှာလဲ။ အဲဒီလို အဓိပ္ပါယ်မဲ့စွာ တစ်ယောက်တည်းနေရတာထက်စာလျင် သူလည်းပဲ ရဟန်းပြုတာကမှ ကောင်းဦးမယ်ဆိုပြီး ရဟန်းမတွေ ကျောင်းကိုသွားပြီး ဘိက္ခုနီမအဖြစ်ကို ခံယူလိုက်ပါတယ်။

တကယ်တော့ ဒီဇာတ်လေးဟာ ဒီမှာသာပြီးသွားရင် ကောင်းသွားမှာ။ သာသနာတွင်းကို သားအမိသားအဖ သုံးယောက်လုံးဝင်ရောက်သွားပြီး ရဟန်းပြုသွားကြတယ်။ ရဟန်းတရားတွေကို ကျင့်ကြံကြိုးစားပွားများသွားကြတဲ့အတွက် ဈာန်တရား၊ မဂ်တရားဖိုလ်တရားတွေရပြီး နိဗ္ဗာန်စံဝင်သွားကြတယ်ဆိုလျင် သိပ်ကြည်နူးအားကျစရာကောင်းတဲ့ ဇာတ်လမ်းလေးဖြစ်ခဲ့မှာ။

အခုလို ကိုယ့်ဆန္ဒအတိုင်း ဖြစ်စေချင်ခဲ့တာ၊ ဖြစ်စေလိုတာကိုက သံယောဇဉ်တစ်မျိုးပဲလေ။ သို့ပေမယ့် ဒီလိုဖြစ်စေချင်မှုမျိုးကတော့ ကိုယ့်အတွက်ဆိုတာထက် သူ့အတွက်ကို ဦးတည်တာမို့ အနှောင်ကင်းတဲ့ မျှော်လင့်မှုမျိုးမို့ ထားကောင်းတဲ့ ဆန္ဒလို့ ဆိုနိုင်ပါတယ်။ ဖြစ်စေချင်မှုရဲ့ နောက်မှာ  နောက်ဆက်တွဲ ပူပင်သောကတွေ

သယ်ဆောင်မလာဖို့ ပူပင်မှုမဖြစ်စေရအောင် နေထိုင်တတ်မှုက ဖြစ်စေလိုမှုသက်သက်ထက် ပိုအရေးကြီး ပါတယ်။ ရှိပင်ရှိသော်လည်း မငြိအောင်နေတတ်ဖို့က အရေးကြီးတယ်လို့ ပြောချင်တာပါ။

တကယ်တော့ လောကသဘာဝဓမ္မဆိုတာ ကိုယ်ဖြစ်ချင်တဲ့အတိုင်း ဖြစ်စေတတ်တာမျိုးမှ မဟုတ်တာ။ ခုလို မိသားစုသုံးဦးလုံး သာသနာတော်အတွင်းဝင်ပြီး သင်္ကန်းဝတ်ကြပေမယ့် တစ်ဦးအပေါ်တစ်ဦး ချစ်ခင်တွယ်တာ စိတ်က ကြီးလွန်းတာကြောင့် လုံးဝခွဲပြီး မနေနိုင်ကြပါဘူး။ တစ်ဦးကိုတစ်ဦးလည်း မျက်စိအောက်က အပျောက် မခံနိုင်ကြပါဘူး။ ဒါကြောင့် ရဟန်းတော်များကျောင်းမှာပဲဖြစ်စေ၊ ရဟန်းမများကျောင်းမှာဖြစ်စေ မိသားစု ရဟန်း သုံးပါးဟာ အမြဲတမ်းတတွဲတွဲနဲ့ အတူသွားလာနေကြပါတယ်။ တရားမပွားနိုင်ပဲ စကားတွေကိုသာ လိှုင်လှိုင် ပြောဆိုလို့ နေထိုင်နေကြပါတယ်။ ကြာလာတော့ သူတို့အနေအထားကို ရဟန်းတော်တွေ ရဟန်းမတွေက တွေ့မြင်ရိပ်မိပြီး မြတ်စွာဘုရားရှင်ကို လျှောက်ထားကြတဲ့အတွက် ဗုဒ္ဓက ဒီစကားလေးတွေကို မိန့်ကြားတာပါ။

"မိမိကိုယ်ကို အားမထုတ်သင့်ရာ၌ အားထုတ်လျက် အားထုတ်သင့်ရာ၌ အားမထုတ်ဘဲ အကျိုးစီးပွား ကိုစွန့်လွှတ်၍ ချစ်ဖွယ်အာရုံ ကာမဂုဏ်ကို စွဲလမ်းသူသည် ကိုယ်တိုင်အားထုတ် သူတို့၏ အကျိုးစီးပွားကို ငဲ့ရမှု ကား ကောင်းလေစွဟု လိုလားတောင့်တ၏။

ချစ်သောသူတို့နှင့်လည်း မပေါင်းဖော်လင့်၊ မုန်းသောသူတို့နှင့်လည်း တစ်ခါတစ်ရံမျှ မပေါင်းဖော်ပါလင့်၊ ချစ်သောသူတို့ကိုလည်း မမြင်ရခြင်းသည် ဆင်းရဲ၏၊ မုန်းသောသူတို့ကို မြင်ရခြင်းသည်လည်းဆင်းရဲ၏။ ထို့ကြောင့် လူကိုဖြစ်စေ ပစ္စည်းဥစ္စာကိုဖြစ်စေ ချစ်ခင်စွဲလမ်းခြင်းကို မပြုရာ၊ ချစ်ခင်စွဲလမ်းဖွယ်ရာတို့နှင့် ကွေကွင်း ခြင်းသည် မကောင်းသည်သာတည်း၊ ချစ်ခြင်းမုန်းခြင်း မရှိသောသူတို့အား အနှောင်အဖွဲ့ဂန္ထတို့ မရှိကြကုန်။

ချစ်ခင်မှုကြောင့် စိုးရိမ်မှုဖြစ်ရ၏၊ ချစ်ခင်မှုကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ ချစ်ခင်မှုမှ ကင်းလွတ်သောသူ အား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း"။ ဓမ္မပဒ (၂၀၉-၂၁၂)

ဗုဒ္ဓဟောကြားတော်မူတဲ့ ဒေသနာတော်အဆုံးမှာ မြောက်များစွာသော လူနတ်ပြဟ္မာတွေ အသိဉာဏ်တွေရလို့ သောတာပန်စသည်ဖြစ်သွားကြတယ်။ သားအမိအဘ သုံးယောက်ကတော့ သူတို့တွေ အချင်းချင်း ခွဲခွါပြီး မနေနိုင်ကြတာကြောင့် လူဝတ်လဲပြီး အိမ်မှာပဲ ပြန်လည်နေထိုင်ကြတယ်။

ဒီနေရာမှာ စဉ်းစားမိတာလေးကို ပြောပြချင်ပါသေးတယ်။ မိဘနှစ်ပါးအနေနဲ့ကတော့ သားကိုချစ်စိတ်ကြောင့် ရဟန်းဝတ်ခဲ့တာမို့ ရဟန်းဝတ်ချွတ်ကာ ကိုယ့်အိမ်မှာ ပြန်နေခြင်းမှာ အထူးနစ်နာတယ် မဆိုသာပေမယ့် သာသနာကိုကြည်ညိုစိတ်နဲ့ ရဟန်းဝတ်လာတဲ့ သားရဟန်းအဖို့တော့ သာသနာတော်နဲ့ တွေ့ကြုံတဲ့ အခွင့် ကောင်းကိုရပါလျက်ကယ်နဲ့ ခုလိုလူ့ဝတ်ကြောင်ဘဝကို ပြန်လည်ခံယူလိုက်ရတာ နစ်နာဆုံးရှုံးသွားရတယ်လို့ ပြောရမှာပါ။ တကယ်လို့ မိဘတွေသာ ပါမလာဖူးဆိုလျှင် သူ့တရားနဲ့သူပျော်ကာ နောက်ဆုံးမှာ အာသဝေါ ကင်းကွာ ရဟန္တာမထေရ်တစ်ပါး ဖြစ်မလာနိုင်ဖူးလို့လဲ ဘယ်ပြောလို့ရနိုင်ပါ့မလဲ။ ခုတော့ မိဘနှစ်ပါးရဲ့ ငြိတွယ်မှု သံယောဇဉ်အားက ကြီးမားလွန်းလှတာကြောင့် သူတို့ချစ်တဲ့သားရဲ့ အခွင့်လမ်းကောင်းတစ်ခု ဆုံးရှုံးသွားရ တယ်ဆိုတာ မိဘတွေအနေနဲ့ စဉ်းစားကောင်းတောင်မှ စဉ်းစားမိချင်မှ စဉ်းစားမိမှာပါ။ ငြိတွယ်မှုမကင်းတဲ့

ရာဂယှဉ်တဲ့ သံယောဇဉ်အစား ငြိတွယ်မှုကင်းတဲ့ မေတ္တာနဲ့ချစ်တဲ့ ချစ်ခြင်းမျိုးနဲ့သာ ချစ်နိုင်ခဲ့လျှင် ဘယ်လောက်များ ကောင်းလိုက်လေမလဲလို့ အတွေးပွားမိပါတယ်။ မိဘတွေ အချစ်မမှန်တာကြောင့် သားလေးပါ အပြစ်ဒဏ်သင့်စေသလို ဖြစ်သွားခဲ့ရတာ။ ဂမ်းနည်းစရာပေါ့လေ။ သားတစ်ပါးအဖို့ တရားရဖို့ အချိန်မတန်သေးလို့ပဲဖြစ်မှာပေါ့လို့သာ ဖြေတွေး တွေးရတော့တာပေါ့။

## နိဂုံး

သာသနာရှုထောင့်ဖက်ကကြည့်လျှင်တော့ ဒီမိသားစုသုံးဦးရဲ့ အဖြစ်က အပြစ်လို့မြင်ဖွယ်ပါ။ ဒါပေမယ့် လောကဖက် လောကီဖက်ကကြည့်မယ်ဆိုလျှင်တော့လည်း မိဘနဲ့သားသမီးအကြားမှာ တစ်ဦးအပေါ် ချစ်ခင်တွယ်တာတယ်ဆိုတာ ကောင်းတဲ့လက္ခဏာတစ်ရပ်လို့ဆိုရမှာပါ။ သားသမီးတွေဆိုးလွန်းလို့ သားသမီးတော်ရမှာ စိုးတာကြောင့် သားသမီးအဖြစ်မှ အမွေဖြတ်စွန့်လွှတ်ခြင်းဆိုတာတွေကို ကြားနေရတတ်တဲ့ခေတ်မျိုး၊ မိဘမသေမီကပင်လျှင် မိဘအမွေလိုချင်တာကြောင့် မိအိုဖအိုတွေကို ခြိမ်းခြောက်ကာ အမွေတောင်းတတ်ကြတဲ့ခေတ်မျိုး။ အချို့များဆိုလျှင် မိဘကိုပင်လျှင်သတ်ပြီး မိဘပိုင်ဆိုင်မှုကို ယူတတ်ကြတယ်ဆိုတာမျိုးကို ကြားရတတ်တဲ့ခေတ်မျိုးမှာ မိဘနဲ့သားသမီးအကြားမှာရှိတဲ့ ငြိတွယ်မှုသံယောဇဉ်ဆိုတာ သံယောဇဉ်ဖြစ်တာကြောင့် မကောင်းတာမှန်ပေမယ့် မိဘနဲ့သားသမီးအကြား အမုန်းပွားတဲ့ ဒေါသသံယောဇဉ်ထက်စာလျှင်တော့ အတန်ငယ် သက်သာရာ ရှိကောင်းရှိနေမလားလို့ စဉ်းစားမိပါတယ်။

ဒီလိုပြောလို့ ငြိတွယ်မှု သံယောဇဉ်ကို ကောင်းတယ်လို့ ချီးမွမ်းစကား ဆိုနေတာ မဟုတ်သလို သံယောဇဉ်ပွားရာပွားကြောင်း အလုပ်တွေကို လုပ်ပါလို့ တွန်းအားပေးနေတာလည်း မဟုတ်ပါဘူး။ တခါခါမှာ လောကထဲမှာ နေထိုင်နေကြတဲ့သူတွေအဖို့ လောကနဲ့ အလွန်အလှန်းဝေးကွာလွန်းလှတဲ့ အတွေးအခေါ် အပြုအမူမျိုးတွေ မတွေးမခေါ် မပြုမူဖို့ သတိပေးချင်တာပါ။ အိမ်မှာ ဇနီးမယား သမီးသားတွေနဲ့ သိုက်သိုက်ဝန်းဝန်းပျော်ပျော်ပါးပါး နေရင်းနဲ့လည်းပဲ ကုသိုလ်ဖြစ်ဖွယ် အလုပ်တွေကို လုပ်ဆောင်မယ်ဆိုလျှင်လည်း ရနိုင်ပါတယ်။ ဝေးတယ်ထင်လို့ လုံးဂမသွားဖြစ်မှာထက်စာရင် အနီးနားမှာပဲ ချမ်းသာရာတတ်ရင် ပိုကောင်းနိုင်မယ် မဟုတ်လား။ နိဗ္ဗာန်ဆိုတဲ့ ခရီးအဆုံးကို လှမ်းသွားရာမှာ ပန်းတယ်ထင်လာပါက လမ်းဘေးက အရိပ်ကောင်းကောင်းသစ်ပင်လေးမှာလည်း ဝင်နားပါ။ ရေချမ်းစဉ်က ရေအေးအေးလေးကိုလည်း သောက်သုံးပါ။ သို့ပေမယ့် ခရီးဆက်ဖို့တော့လည်း မမေ့နဲ့ပေါ့နော။  ဒီအကြောင်းကို တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးက အခြေပြုပဋ္ဌာန်းတရားတော်ထဲက ဥပနိဿယပစ္စည်းနဲ့ ပတ်သက်ပြီး  ဥပမာ ဥပမေယျတွေနဲ့ တော်တော်ကျယ်ကျယ်လေး ဟောထားပါတယ်။

**ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ။** တပ်မက်မှုရာဂကို အမှီပြုပြီး ဒါနအလုပ်ကိုလုပ်မယ်၊ သီလအလုပ်လုပ်မယ်၊ ဥပုသ်သီလ စောင့်သုံးမယ်၊ ဈာန်ကိုဖြစ်စေမယ်၊ ဝိပဿနာဘာဝနာ ပွားများမယ်၊ မဂ်ကိုဖြစ်စေမယ်ဆိုလျှင် ရာဂဟာလည်း ကောင်းတဲ့အကြောင်းတရား မဟုတ်ပေမယ့် အကြောင်းကောင်းတရား တစ်ခုတော့ ဖြစ်နိုင်တာပါပဲ။ ဆရာတော်ကြီးကတော့ ဘုရားအလောင်း သုမေဓာရှင်ရသေ့လေးကို သူ့မှာပါလာတဲ့ ကြာပန်းရှစ်ခိုင်ထဲက

ငါးခိုင်ခွဲပေးပြီး ချစ်စိတ်(ရာဂစိတ်) အခြေခံနဲ့ ပါရမီဆုပန်ခဲ့တဲ့ သုမိတ္တာ မိန်းမချောလေးရဲ့ ဘဝအဆက်ဆက် ပါရမီတွေဖြည့်ခဲ့တာတွေ၊ ဝေဿန္တရာဘဝမှာ မောင်တော်ဘုရင်ကို တိုင်းပြည်ကနှင်ထုတ်လိုက်တော့ ဆင်းရဲ မက္ခာ တောထဲမှာလိုက်ပြီး ပါရမီတွေဖြည့်ဆည်းခဲ့တဲ့ မယ်မဒ္ဒီဘဝအကြောင်းများကို ပြောပြကာ သက်သေပြပြီး နောက်ဆုံးဘဝ ယသောဓရာ ထေရီမကြီးအဖြစ် ပရိနိဗ္ဗာန်စံဝင်တဲ့တိုင် အကျိုးတရားတွေ အဆင့်ဆင့် တိုးပွား သွားခဲ့တဲ့ အကြောင်းကို မှတ်သားဖွယ် မိန့်ကြားထားပါတယ်။ သာမန်ဘဝထဲမှာ နေနည်းရှာဖို့ ကောင်းမွန်တဲ့ လမ်းညွှန်ချက်များပါ။

ဒီတော့ လောကထဲမှာ မခွဲမခွါနိုင်လို့ မကွဲမကွာနေလိုကြလျင်တောင် အချင်းချင်း အကြင်နာမေတ္တာတွေပွားပြီး ကုသိုလ်ဖြစ်အောင် နေတတ်မယ်ဆိုလျင် အကျိုးမယုတ်ပါဘူးဆိုတာသိပြီး ကုသိုလ်ဖြစ်အောင် နေတတ်ဖို့ ပြော ရတာပါ။ တစ်ဦးတည်းကို ဦးတည်ထားတဲ့ သံယောဇဉ်(တဏှာ) အချစ်ကနေ အများဆီကို ကူးလူးဖြန့်ယှက်တဲ့ မေတ္တာအချစ်ဆီ ပြောင်းလဲလာအောင် ဖန်တီးယူတတ်လျင် ဒါနလည်းဖြစ်လာနိုင်တယ်၊ သီလလည်းဖြစ်လာ နိုင်ပါတယ်။ နောက်ဆုံး အဆုံးစွန် နိဗ္ဗာန်အထိပင် ဆိုက်ရောက်သွားအောင် ပြုလုပ်နိုင်ပါတယ်ဆိုတာ နား လည်နိုင်မယ်ထင်ပါတယ်။ တကယ်တော့ ရာဂဆိုတဲ့ တတ်မက်ခြင်းတရား၊ တဏှာဆိုတဲ့ ငြိတွယ်ခြင်းတရားကို ဘေးအဖြစ် မသုံးပဲ ဆေးအဖြစ် သုံးစွဲသွားမယ်ဆိုလျင်လည်း ရနိုင်ပါတယ်ဆိုတဲ့ အသိကို ရယူနိုင်ပါတယ်။

အဆိပ်ဖြေဆေးကို အဆိပ်ကနေထုတ်ယူရတယ်လို့ လောကထဲမှာလည်း ပြောကြတယ် မဟုတ်လား။ အဆိပ် ကို ဆေးအဖြစ် ပြောင်းလဲသုံးစွဲတတ်အောင် နည်းလမ်းရှာတတ်ဖို့တော့ လိုတာပေါ့လေ။ အစမှာ ပြောခဲ့သလိုပါ ပဲ။ မကင်းနိုင်တဲ့အရာကို ကင်းဖို့အတင်း တိုက်တွန်းတာထက်စာရင် မကင်းပေမယ့် ရှင်းအောင်နေခြင်းဖြင့် အကျိုးဖြစ်ထွန်းဖွယ် နေတတ်အောင် ပြောရလျင် ကောင်းမလားဆိုတဲ့အတွေးနဲ့ ခုလိုပြောလိုက်တာပါ။ နောက် ပြီး အချစ်(ရာဂချစ်) တရားဆိုတာကလည်း ပါးအောင် လုပ်ဖို့ထက် ပွားအောင်လုပ်ဖို့ကသာ ပိုမိုလွယ်ကူတာမို့ မငြိမီကပင်လျင် မထိမိအောင် နေမယ်ဆိုလျင်တော့ ပိုမိုအန္တရာယ်ကင်းဖွယ်ဖြစ်တာမို့ ရာဂနဲ့ ပတ်သက်လျင်-ဟီ နော-အယုတ်တရား၊ ဂါမ္မော- ရွာသူရွာသား သာမန်သူတွေ သုံးစားကြတဲ့ ကြမ်းတမ်းတဲ့တရားလို့ ပြောရတာပါ။

လောကထဲက ထွက်မြောက်မှုအတွက် ကျင့်ကြံနေသူတွေ အဖို့တော့ သံယောဇဉ်ပိုမယ့် ဘယ်လိုအပြုအမူ အပြောအဆိုမျိုးကိုမှ မလုပ်မပြောမိဖို့ လိုတာပေါ့။ တတ်နိုင်လျင် သံယောဇဉ်ပိုစေမယ့် ကြံစည်စဉ်းစားစိတ်ကူး တာလေးမျိုးကိုပင်လျင် မစိတ်ကူးမိဖို့လိုတာပေါ့။ ဒါကြောင့်လည်း တရားရှုမှတ်တဲ့သူတွေကို အဲဒီလို သံယော ဇဉ်နှောင်ဖွဲ့ အစေးဓာတ်မကင်းတဲ့ အကြင်နာချဲ့ ကြံစည်စဉ်းစားစိတ်ကူးတွေ သက်တမ်းမရှည်ရလေအောင် တွယ်တာစိတ်ဂင်လာရင် ဂင်လာတဲ့တွယ်တာစိတ်၊ ချစ်ခင်စိတ်ဂင်လာရင် ဂင်လာတဲ့ ချစ်ခင်စိတ်ကို ရှုမှတ်ဖို့ ပြောကြရတာပေါ့။ အဲဒီလို ဖြစ်နေတဲ့စိတ်ကလေးကို ဖြစ်ခိုက်မှာ ရှုမှတ်လိုက်ရင် အဲဒီဖြစ်ခိုက်စိတ်ကလေးဟာ သံသရာ မရှည်တော့သလို အဲဒီစိတ်ကလေးကို အခြေပြုကာ ဖြစ်ပေါ်လာမယ့် နောက်ဆက်တွဲ ဒဏ်ချက်တွေ ကိုလည်း ချန်မထားရစ်ခဲ့တော့ပါဘူး။

ဒီမိသားစုသုံးဦးကတော့ သူတို့ရင်ထဲမှာ ဖြစ်နေတဲ့ တွယ်တာတဲ့စိတ်ထားကို ရှုပွားရမယ့်အစား မိဘဆိုတဲ့ အမှတ်အသား၊ သားဆိုတဲ့ အမှတ်အသား၊ အဲဒီအမှတ်အသားအစွဲအလမ်းကို အခြေခံတဲ့ ပြင်ပအာရုံပေါ်မှာသာ သူတို့တွေရဲ့ စိတ်တွေကိုလွှတ်ထားတော့ သံယောဇဉ်အနှောင်အဖွဲ့တရားတွေက ပြိုရမည့်အစား ပိုပိုလို့သာ

လာခဲ့တာပေါ့။ ရာဂကို ဆေးအဖြစ် မသုံးစားပဲ ဘေးဖြစ်ဖွယ် သုံးစားခဲ့လို့ မြတ်စွာဘုရားသာသနာနဲ့ ကြုံဆုံခွင့်ရပေမယ့်၊ ဘုရားအနီးရောက်နိုင်တဲ့ ကံပါပေမယ့် ဘဂထောင်ဆိုတဲ့ အနှောင်တွင်းကနေ လွတ်မြောက်နိုင်လောက်အောင် ပါရမီက မပါခဲ့လေတော့ ခုလိုပဲ သံသရာထဲမှာ လည်မြဲလည်ဆဲဘဂ၊ သံသရာရဲ့ ဆင်းရဲဒုက္ခပေါင်းစုံကို သာယာစွာ စံစားရင်းတစ်လှည့်၊ နာကျင်စွာ ခံစားရင်းတစ်လှည့်နဲ့ပဲ ကျင်လည်မြဲ ကျင်လည်ဆဲသာ နေကြရရှာတာပေါ့။

တကယ်တော့ သံသရာထဲမှာ ကျင်လည်နေရသူတစ်ဦးအဖို့ ချမ်းသာသုခထက် ဆင်းရဲဒုက္ခခံစားရမှုအချိန်ကသာ ပိုများပါတယ်။ တကယ့်ဆင်းရဲဆိုတာကို မပြောပါနဲ့၊ ချမ်းသာလို့ အများလက်ခံထားတဲ့အရာကို ခံစားဖို့ကိုတောင်မှပဲ ဆင်းရဲကတွဲလျက် ပါနေဆဲပါ။ လောကချမ်းသာအားလုံးလိုလိုမှာ ဆင်းရဲကင်းကင်း ခံစားလို့ရတဲ့ချမ်းသာဆိုတာ သေချာစဉ်းစားကြည့်လျင် လုံးဂကိုပင် ရှာလို့တွေ့နိုင်မယ် မဟုတ်ပါဘူး။ သို့ပေမယ့် ဒီဆင်းရဲတွေကို ဆင်းရဲလို့ မသိနိုင်လောက်အောင်ပင် ဖုံးကွယ်ထားတဲ့ မသိမှု အဂိဇ္ဇာဆိုတဲ့ သံယောဇဉ်တရားက သာယာမှုဆိုတဲ့ ရာဂသံယောဇဉ်တရားနဲ့ ယှဉ်တွဲပေးလိုက်တော့ အမှောင်ထဲမှာ ကိုယ်စားသုံးနေတဲ့အရာတွေ ဟာ မစင်ပေမယ့် မစင်မှန်းမသိနိုင်လောက်အောင် ဖြစ်နေကြတာပါ။ ဂိဇ္ဇာဉာဏ်အလင်းမီး ထွန်းညှိပေးလိုက်တဲ့ အခါမှာတော့ အမှောင်ထဲမှာ မမြင်ပိုးဂါးနဲ့ ကိုယ်စားသုံးနေတဲ့အရာတွေဟာ မစင်အညစ်အကြေးတွေပါလားလို့ သိလိုက်ရတော့တာပါ။ ဒီအခါမှာဆိုလျင်ဖြင့် ဒီမစင်ကြယ်တဲ့အရာတွေမှာ ငြိတွယ်တာလိုစိတ်လည်း ရှိတော့မှာမဟုတ်သလို မစင်တွေကို ဆက်ပြီး စားသုံးလိုတော့မယ် မဟုတ်ပေဘူးပေါ့။ တကယ်တော့ ဒီခန္ဓာကြီးဆိုတာကတကယ့်ကိုယ်မှ ရွံရှာဖွယ် မစင်အညစ်အကြေးတွေနဲ့ ပြည့်နှက်နေတဲ့ ခန္ဓာကိုယ်ကြီးသာပါလေ။

အဂိဇ္ဇာအမှောင်တွေကို ဂိဇ္ဇာဉာဏ်ရောင်အလင်းနဲ့ ပယ်ရှင်းနိုင်တဲ့ သူတော်စင်တွေ ဖြစ်နိုင်ကြပါစေလို့ ဆုတောင်းပေးရင်း ဒီနေ့သင်တန်းကို အဆုံးသတ်ပါရစေတော့။ ။

**မှတ်ချက်။** ။၂၀၁၀ ခု မေလ ၃၀ ရက်၊ တနင်္ဂနွေနေ့၊ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ဖရီးမောင့်မြို့ မေတ္တာနန္ဒဂိဟာရ ဓမ္မရိပ်သာ ရတနာ့ဂုဏ်ရည် ဓမ္မစာပေသင်တန်းတွင် ပို့ချခဲ့သော ဓမ္မပဒကျမ်းစာ သင်တန်းမှ ကောက်နုတ်ချက်